ရည်ညွှန်းချက်။ ။ ဤကော်မရှင်၏ ၁၄-၉-၉၉ ရက်စွဲပါစာအမှတ်၊ ရက-၁/ မ-၄၀၂၊ ၄၀၃၊ ၄၂၀/၉၉ (၅၁၁၁)။

၁။ အရှေ့တိုင်း ပုလဲကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်း အတွင်း ပုလဲ မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိစ္စကို (၂-၉-၉၉) နေ့တွင်ကျင်းပ ပြုလုပ်သည့်ပြည်ထောင်စုမြန်မာနိုင်ငံ တော်အစိုးရအဖွဲ့၏ (၃၂/၉၉) ကြိမ်မြောက်အစည်းအဝေး သို့တင်ပြခဲ့ရာအစိုးရအဖွဲ့မှလမ်းညွှန်ချက်နှင့်အညီစာချုပ်တွင်ဖြည့်စွက်ပြီး ဤကော်မရှင် သို့တင်ပြပေးပါရန်သတ္တုတွင်း ဝန်ကြီး ဌာနသို့ရည်ညွှန်းချက်ပါစာဖြင့်အကြောင်းကြားခဲ့ပါ သည်။

၂။ သို့ရာတွင်ယနေ့အထိပြန်ကြားလာခြင်း မရှိသေးပါသဖြင့် ဆောလျင်စွာ ပြန်ကြားပေးပါရန်ထပ်မံမေတ္တာရပ်ခံအပ်ပါသည်။

တွဲဖက်အတွင်းရေးမှူး (ကိုယ်စား)
(စိုးဝင်း၊ ညွှန်ကြားရေးမှူး)

သတ္တုတွင်းဝန်ကြီးဌာန။

မိတ္တူကို -

- ဦးဆောင်ညွှန်ကြားရေးမှူး
  မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း။

မ၁*ဂ၁၁၉၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁/၂၀၀(ည)/၁၀၀၀/၁၂၇၄
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်

အကြောင်းအရာ။ သဘောထားမှတ်ချက်တောင်းခံခြင်း

ရည်ညွှန်းချက်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ (၁၄-၉-၉၉) ရက်စွဲပါစာအမှတ်၊ ၁/မ-၄၀၂၊ ၄၀၃၊ ၄၂၀/၉၉(၅၁၁၀)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့်၊ အရှေ့တိုင်းပုလဲကုမ္ပဏီလီမိတက်၊ နီနိုပုလဲမွေးမြူရေးကုမ္ပဏီလီမိတက်တို့မှ ဖက်စပ်ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်မည့်နေရာ၊ ဒေသများသည်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စီမံကိန်းများ ဆောင်ရွက်ရန်လျာထားသတ်မှတ်ထားသည့်နေရာများနှင့်ကင်းလွတ်မှုရှိ၊ မရှိစိစစ်ပြန်ကြားပေးရန်၊ ရည်ညွှန်းပါစာဖြင့်မေးမြန်းခဲ့ပါသည်။

၂။ ပုလဲမွေးမြူထုတ်လုပ်မည့်နေရာ၊ ဒေသများသည်၊ မြန်မာ့ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်သည့်နေရာ ဒေသများနှင့်ကင်းလွတ်မှုရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ဒုတိယဝန်ကြီး (ကိုယ်စား)
(အေးအေးမြိုင်၊ ညွှန်ကြားရေးမှူး)

ညွှန်ကြားရေးမှူးချုပ်၊
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

မိတ္တူကို -
(၁) ရုံးအဖွဲ့မှူး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
(၂) ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
(၃) ရုံးလက်ခံစာတွဲ
(၄) မျှောစာတွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန

စာအမှတ်၊ ၀၀၁ / ၂ (ကလ) /ထ -၂
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်

အကြောင်းအရာ။ သဘောထားမှတ်ချက်ပြန်ကြားပေးရန်ကိစ္စ

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၄-၉-၉၉ နေ့စွဲပါ စာအမှတ် ရက-၁ / မ-၄၀၂၊ ၄၀၃ ၊ ၄၂၁ / ၉၉ (၅၁၁၀)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အရှေ့တိုင်းပုလဲကုမ္ပဏီလီမီတက် (Orient Pearl Co.Ltd)၊ နီနိုပုလဲမွေးမြူရေးကုမ္ပဏီလီမီတက် (Niino Pearl Culturing Co.Ltd) တို့သည် ထုတ်လုပ်မှုအပေါ် အချိုးကျ ခွဲဝေခံစားသည့် စံနစ်ဖြင့် ပုလဲမွေးမြူ ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသဖြင့်၊ အစိုးရအဖွဲ့ ဆုံးဖြတ်ချက်နှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ စိစစ်၍ သဘောထား မှတ်ချက်များ ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ မြန်မာ့ ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အထက်ဖော်ပြပါပြည်တွင်းနိုင်ငံသားပိုင်ကုမ္ပဏီများနှင့် ပူးတွဲဆောင်ရွက်မည့် ယခုလက်ရှိ သတ်မှတ်ပေးထားသော ပုလဲမွေးမြူ ထုတ်လုပ်ရေး ဧရိယာများသည် လက်ရှိ ရေနံနှင့်သဘာဝဓါတ်ငွေ့ရှာဖွေရေး လုပ်ကွက်များ၏ အရှေ့ဘက်တွင် ကျရောက်ပြီး၊ လွတ်ကင်းသဖြင့် ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားအပ်ပါသည်။

၃။ မြန်မာ့ ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ယခု ခွင့်ပြုထားသော ဧရိယာများကို နောင်တိုးချဲ့ပြင်ဆင်မည် ဆိုပါက၊ ယင်းအချိန်အခါတွင် ဤဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းရန် မေတ္တာရပ်ခံအပ်ပါသည်။

ဝန်ကြီး(ကိုယ်စား)
(တင်ထွန်း၊ ဒုတိယဝန်ကြီး)

အတွင်းရေးမှူး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မိတ္တူကို
- လက်ခံ

PPS65:\Pearl (5109)

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

နှင့်

အရှေ့တိုင်းပုလဲကုမ္ပဏီလီမိတက်

တို့၏

ပုလဲမွေးမြူထုတ်လုပ်မှုအပေါ်

ခွဲဝေခံစားသည့်စာချုပ်

(ဇင်ယော်ကျွန်း)

၁၉၉၉ ခုနှစ် ၊ လ၊ ရန်ကုန်

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် အရှေ့တိုင်းပုလဲကုမ္ပဏီလီမိတက်တို့ ပုလဲမွေးမြူထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်သဘောတူစာချုပ်

ဤသဘောတူစာချုပ်ကို ၁၉၉၉ခုနှစ် ၊ လ ရက်နေ့တွင်ရန်ကုန်မြို့ဗိုလ်မှူးကြီးမောင်တိုး၊ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ အမှတ်(၉၀) ၊ကန်ဘဲ့လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ (နောင်တွင် 'မပလ'ဟုခေါ်ဆိုမည်ဖြစ်ပြီး၊ ယင်းစကားရပ်တွင် ၎င်းအား ဆက်ခံသူများ နှင့် ဥပဒေအရ လွှဲအပ် ခံရသူများ ပါဝင် သည်။) က တစ်ဖက် နှင့် ဦးမြင့်လွင် မန်နေဂျင်းဒါရိုက်တာ၊ အရှေ့တိုင်းပုလဲ ကုမ္ပဏီ လီမိတက်၊ အခန်း(၄) အေ၊၅ ထပ် အမှတ်(၂၁၆ /၂၂၂)၊ ဗိုလ်မြတ်ထွန်းအိမ်ရာ ၊မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ (နောင်တွင် 'ကန်ထရိုက်တာ' ဟုခေါ်ဆိုမည်ဖြစ်ပြီး၊ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများ၊ တရားဝင် ကိုယ်စားလှယ်များနှင့် ဥပဒေအရ လွှဲအပ်ခံရသူများ ပါဝင်သည်။)ကအခြားတစ်ဖက်တို့သည် အောက်ပါ စည်းကမ်းချက်များနှင့်အညီ၊နှစ်ဖက် သဘောတူ စာချုပ်၊ ချုပ်ဆိုကြပါသည်။

အပိုင်း(၁)
ရည်ရွယ်ချက်

၁–၁ အောက်ပါအတိုင်းရည်ရွယ်ချက်ထားရှိပါသည်

(က) မပလ နှင့်ပြည်တွင်း ပုဂ္ဂလိက ကုမ္ပဏီများ ဖက်စပ်ပုလဲ ထုတ်လုပ်ခြင်း လုပ်ငန်းအား ပိုမို တိုးချဲ့ဆောင်ရွက်ရန် ၊

(ခ) မြန်မာနိုင်ငံတွင် ပုလဲထုတ်လုပ်ရေး လုပ်ငန်း အရှိန်အဟုန်ဖြင့် တိုးချဲ့ ဆောင်ရွက်လာသည်နှင့်အမျှ ပုလဲမွေးမြူရေးပညာရှင်များ နိုင်ငံတော်အတွက်ပြန်လည် အလုပ်အကျွေး ပြုနိုင် ရန် တိုင်းတစ်ပါး သို့ သွားရောက် အလုပ် အကျွေး ပြုခြင်းကို ထိန်းချုပ် ကာကွယ်ရန် နှင့်အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာသည့် အလျောက် မှတ်ကောင်များ၊မှတ်ခွံများ မှောင်ခိုရောင်းဝယ်မှု တိမ်ကော ပပျောက်သွားစေရန်။

အပိုင်း(၂)
ကိုယ်စားပြုခြင်းနှင့်အာမခံချက်

၂–၁ ဤသဘောတူ စာချုပ် ချုပ်ဆိုကြသော အဖွဲ့အစည်း/ပုဂ္ဂိုလ်တို့သည် ထိုသို့ သဘောတူ စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဥပဒေ အရလုပ်ပိုင်ခွင့် အခွင့်အာဏာ နှင့် စီးပွားရေး အရ ခိုင်မာ တောင့်တင်းခြင်းရှိ ကြသော အဖွဲ့အစည်း /ပုဂ္ဂိုလ်များ ဖြစ်ကြောင်း ကို အသီးသီး အာမခံကြသည်။

အပိုင်း(၃)
အဓိပ္ပာယ်ဖွင့်ဆိုချက်

၃-၁ မုတ်ကောင်ရိုင်း (Virgin Oyster) — တစ်ကြိမ်တစ်ခါမျှ ဝတ်ဆံသွင်းမွေးမြူခြင်းမရှိသေးသည့် မုတ်ကောင်ကိုဆိုသည် ။

၃-၂ ဝတ်ဆံသွင်းမုတ်ကောင် (Operated Oyster) — ဝတ်ဆံသွင်း၍ပုလဲမွေးမြူထားသောမုတ်ကောင်ကိုဆိုသည်။

၃-၃ ပုလဲပိုက်မုတ်ကောင် (Effective Oyster) — ဝတ်ဆံသွင်းမုတ်ကောင်များကို ပြန်လည်စစ်ဆေးရာတွင် ပုလဲဖြစ်ထွန်း လျက်ရှိသောမုတ်ကောင်ကိုဆိုသည်။

၃-၄ ဒုတိယအနားပေးမုတ်ကောင် (2nd Recreating Oyster) — ပုလဲဖော်ပြီး၍ဖြစ်စေ၊ ဝတ်ဆံသွင်းမုတ်ကောင်များအား ပြန်လည်စစ်ဆေးရာတွင် ပုလဲပိုက် မအောင်မြင်၍ဖြစ်စေ ပြန်လည်မွေးမြူထားသော မုတ်ကောင်ကိုဆိုသည်။

၃-၅ မုတ်ခွံ (M.O. P Shell) — ခွဲသတ်၍ဖြစ်စေ ၊ရေအောက်တွင်သေ၍ဖြစ်စေ ရရှိသော မုတ်ကောင်၏အခွံကိုဆိုသည်။

၃-၆ ပုလဲ (Pearl) — ပုလဲဆိုသည်မှာ မုတ်ကောင်အမျိုးမျိုးမှဖြစ်ထွန်း ရရှိသည့် သဘာဝပုလဲ(သို့မဟုတ်)မွေးပုလဲကိုဆိုသည်။ယင်း စကား ရပ်တွင် ခွံဖုံးပုလဲနှင့် မွေးမြူရေး မှ ရရှိသည့် ခွံကပ် ပုလဲ လည်းပါဝင်သည်။

၃-၇ တိမ်ဖုံးပုလဲ (Blemished Pearl) — တိမ်ဖုံးခြင်း၊ အရောင်မှိန် ခြင်း၊ မျက်နှာပြင်တွင် အပြစ် အနာများပါ သော ပုလဲကို ဆိုသည်။

၃-၈ သားပေါက်မုတ်ကောင်ငယ်များ (Spats) — ၄ လက်မ မပြည့်မီသောမုတ်ကောင်ငယ်များကိုဆိုသည်။

၃-၉ ဘဏ္ဍာရေးနှစ် (Financial year) — ဘဏ္ဍာရေးနှစ်ဆိုသည်မှာ ဧပြီလ(၁)ရက်နေ့မှ ၍လာမည့် ပြက္ခဒိန်နှစ် မတ်လ(၃၁)ရက်နေ့အထိ (၁၂)လတာ ကာလ ကိုဆိုသည်။

၃-၁၀ မိုမီ (Momme) — မိုမီ ဆိုသည်မှာ ပုလဲများကိုချိန်တွယ်သည့်အလေးချိန် အတိုင်း အတာတစ်ခုဖြစ်သည်။တစ်မိုမီလျှင် ၁၈.၇၅ ကာရက် (သို့မဟုတ်) ၃.၇၅ ဂရမ်နှင့် ညီမျှသည် ။

အပိုင်း(၄)
လုပ်ပိုင်ခွင့်ရှိသောလုပ်ကွက်

၄-၁ ဤသဘောတူစာချုပ်အရ လုပ်ပိုင်ခွင့်ရှိသောလုပ်ကွက်သည် တနင်္သာရီတိုင်း ဘုတ်ပြင်း မြို့နယ် တွင် ရှိပြီး ၊ နောက်ဆက်တွဲ (က) ပါ ရေပုံတွင် ဖော်ပြထား သည့် အတိုင်းဖြစ်သည်။ ရေပုံတွင်ဖော်ပြထားသည့် ဇင်ယော်ကျွန်းပေါ်ရှိ မြေဧရိယာသည် လုပ်ငန်းဆောင်ရွက်ရန်အတွက် အဆောက်အဦးဆောက်လုပ်ရန် ခွင့်ပြုသည့် ဧရိယာဖြစ်သည်။ ဇင်ယော်ကျွန်းပတ်ဝန်းကျင်ရှိ

ရေပုံတွင်ဖော်ပြထားသည့်ဧရိယာမှာပုလဲမွေးမြူရေးအတွက်မှတ်ကောင်များချထားရန် ခွင့်ပြုသည့်ဧရိယာဖြစ်သည်။ ၄င်းတွင်ပါဝင်သည့် အခြားကျွန်းမြေဧရိယာများသည် ပါဝင်ပတ်သက်စေခြင်း မရှိစေရ ။

၄–၂ အကယ်၍၊အထက်ပါလုပ်ပိုင်ခွင့်ရှိသောလုပ်ကွက်ကိုနိုင်ငံတော်အစိုးရစီမံကိန်းတစ်ခုခုအလို့ငှာအသုံးပြုရန်လိုအပ်ခဲ့လျှင်အခြားလုပ်ပိုင်ခွင့်ရှိသောလုပ်ကွက်တစ်ခုခုကိုအစိုးရကကန်ထရိုက်တာသို့အစားထိုးပေးအပ်မည်ဖြစ်ကြောင်းစာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့ကအသိအမှတ်ပြုပါသည်။ထိုအခါကန်ထရိုက်တာဖြစ်သူကမိမိလက်ဝယ်ရယူထားသောလုပ်ကွက်ကိုအစိုးရကပြန်လည်လက်ဝယ်ရယူနိုင်ရန်ပြောင်းရွှေပေးရမည်ဖြစ်ပြီးမိမိအားအစားထိုးပေး အပ်သောလုပ်ကွက်ကိုပြောင်းလဲလက်ဝယ်ရယူမည်ဖြစ်ပါသည်။

အပိုင်း(၅)
လုပ်ငန်းအစီအစဉ်

၅–၁ **လုပ်ငန်းအစီအစဉ်**
ကန်ထရိုက်တာသည် ပုလဲမွေးမြူထုတ်လုပ်မည့် လုပ်ငန်းအစီအစဉ်ကို ရေးဆွဲပြီး စာချုပ်အတည်ဖြစ်သည့်နေ့မှစ၍တစ်လအတွင်းမပလ သို့တင်ပြရမည်။မပလ ကအတည် ပြုပြီးသော လုပ်ငန်းအစီစဉ်သည် ဤစာချုပ် ၏တစ်စိတ်တစ်ဒေသဖြစ်သည်။

၅–၂ **ရင်းနှီးမြှုပ်နှံမှုပမာဏ**
ကန်ထရိုက်တာသည် ဖော်ပြပါ လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း ပမာဏအဖြစ် အနည်းဆုံး ကျပ်သန်း(၁၀၀)ကိုကျခံသုံးစွဲရမည်။ ယင်းငွေလုံးငွေရင်းတစ်ရပ်လုံးကို ကန်ထရိုက်တာမှကျခံရမည်။

အပိုင်း(၆)
စာချုပ်သက်တမ်းကာလ

၆–၁ ဤစာချုပ်အရ စာချုပ် သက်တမ်းကာလသည် စာချုပ် လက်မှတ်ရေးထိုးသည့် နေ့မှစ၍ (၁၅)နှစ်ဖြစ်ပါသည်။ယင်းတွင် ၁၅ နှစ်မြောက်တွင်ဝတ်ဆံသွင်းသည့်မှတ်ကောင်များအားပုလဲဖော်ယူရန် စောင့်ဆိုင်းသည့်ကာလ(၃)နှစ်မပါဝင်ပါ ။

၆–၂ ကန်ထရိုက်တာမှ စာချုပ်သက်တမ်းကာလ တိုးလိုပါက(၁၅)နှစ် ပြည့်ရန် (၆)လ အလို၌ မပလ သို့စာဖြင့် လျှောက်ထားနိုင်သည်။ လုပ်ငန်း ကာလ တိုးမြှင့် သတ်မှတ် ခြင်း မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။

၆–၃ စာချုပ်သက်တမ်း(၁၅)နှစ်ပြည့်သည့်နေ့တွင်ကန်ထရိုက်တာမှသက်တမ်းတိုး ဆက်လက်လုပ်ကိုင်လိုခြင်း မရှိခဲ့ပါက (သို့မဟုတ်) လုပ်ကိုင်ခွင့် မရရှိပါက ၁၅ နှစ်ပြည့်သည့်နေ့ နောက်ပိုင်း ရှိ အောက်ဖော်ပြပါတို့ အား မပလ သို့လွှဲပြောင်းပေးရမည်။

(က)ဝတ်ဆံမသွင်းရသေးသည့် မှတ်ကောင်များ
(ခ) ပြန်လည်စစ်ဆေးခြင်းမှ ပုလဲမပိုက်သည့် မှတ်ကောင်များ
(ဂ) ပုလဲဖော်ပြီးမှတ်ကောင် များ
(ဃ) မှတ်ခွံများ

၆–၄ စာချုပ်သက်တမ်းကာလ(၁၅)နှစ်ပြည့်ပြီးသည့်နေ့တွင်သက်တမ်းတိုး ဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက (သို့မဟုတ်) သက်တမ်း တိုးလုပ်ကိုင်ခွင့် မရရှိပါက နောက်ထပ် ၃)နှစ်

အထိ ကန်ထရိုက်တာ သည် ဝတ်ဆံသွင်းပြီး မုတ်ကောင်များအား ပြုစုစောင့်ရှောက်ခြင်း ပြန်လည် စစ်ဆေး ခြင်းနှင့်ပုလဲဖော်ခြင်းလုပ်ငန်းများ အား ဆက်လက် ဆောင်ရွက် ခွင့်ရှိသည်။အဆိုပါ ဖော်ထုတ်ရရှိသောပုလဲများအား မပလ နှင့် ကန်ထရိုက်တာ ကုမ္ပဏီတို့ သည် စာချုပ်အပိုဒ် ၁၁–၁ ပါ အတိုင်း အချိုးကျခွဲဝေရမည် ။သို့ရာတွင် ကန်ထရိုက်တာ သည် မုတ်ကောင် ထပ်မံ ဖမ်းဆီးခြင်း၊ဝတ်ဆံသွင်းခြင်း လုပ်ငန်းများကိုလုပ် ကိုင်ခြင်း မပြုရ ။

အပိုင်း(၇)
အထွေထွေတာဝန်များ

၇–၁ ကန်ထရိုက်တာ၏တာဝန်များ

ကန်ထရိုက်တာသည် အောက်ပါတို့ကိုတာဝန်ယူရမည်

(က) ဤစာချုပ် အရ လုပ်ကိုင်ခွင့် ပြုထားသော ဧရိယာ အတွင်း တွင်သာ ပုလဲ မွေးမြူ လုပ်ကိုင် ရမည်။သတ်မှတ်ခွင့်ပြုထားသော လုပ်ကွက်အပြင်ဘက်တွင် ပုလဲမွေးမြူ ခြင်းကို လုံးဝမပြုလုပ်ရ ၊

(ခ) မပလမှ အတည်ပြု ထားသည့် လုပ်ငန်းအစီအစဉ်များ အတိုင်းသာ ဆောင်ရွက်ရန် နှင့်ရွှေအပါအဝင် မည်သည့်သတ္တုမျိုးမှတူးဖော်ခြင်းမပြုရ ၊ထုတ်လုပ်မှု လျာထား ချက်များ ပြည့်မီကျော်လွန်စေရေးဆောင်ရွက်ရမည် ၊

(ဂ) ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း၊ သယ်ယူ ပို့ဆောင်ခြင်းလုပ်ငန်း ၊ သုတေသန လုပ်ငန်းတို့အတွက် လိုအပ်သောပစ္စည်းများကို တာဝန်ယူဆောင်ရွက် ဖြည့်ဆည်း ရမည်။ဖက်စပ်လုပ်ငန်း တွင် အသုံးပြု သည့် ပစ္စည်း ကိရိယာ များသည် မပလ မှတရားဝင်ငှားရမ်းသည့် ပစ္စည်းများမဟုတ်ပါက မပလနှင့်ပတ်သက်သော ပစ္စည်း များမဖြစ်စေရ ၊

(ဃ)လုပ်ငန်းခွင်လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် မပလ သို့မဟုတ် ဒေသ ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတို့မှ အခါအား လျော်စွာ သတ်မှတ် ထုတ်ပြန် ထားသည့် စည်းကမ်းချက်များ ကို လိုက်နာဆောင်ရွက်ရမည် ၊

(င) ပုလဲမွေးမြူရာတွင်လုပ်ငန်းကျွမ်းကျင်သူများလုံလောက်စွာ ခန့်ထားပြီး မုတ်ကောင် အသေနှုန်းလျော့နည်းရေး၊ ပုလဲပိုက်အောင်မြင်မှု နှုန်းမြင့်မားရေး၊ အရည် အသွေး ကောင်းပုလဲများ ထွက်ရှိရေးဆောင်ရွက်ရမည်၊

(စ) ခွံကပ်ပုလဲ(Half Pearl) မွေးမြူလိုပါက ဖက်စပ်လုပ်ငန်းစီမံခန့်ခွဲရေး ကော်မတီ သို့တင်ပြ၍ အတည်ပြုချက် ရယူဆောင်ရွက်ရမည် ၊

(ဆ) ဤစာချုပ်အရ လုပ်ငန်းများ ဆောင်ရွက်ရာ တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက ပြဋ္ဌာန်းထုတ်ပြန်ထားသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေ၊ နည်းဥပဒေအပါ အဝင် ၊ မြန်မာနိုင်ငံဥပဒေများ ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများ ၊ အမိန့် ကြော်ငြာစာများ ၊ ညွှန်ကြားချက်များနှင့် အညီဆောင်ရွက်ရမည် ။

(ဇ) ပုလဲမွေးမြူထုတ်လုပ်ရေးနှင့်ပတ်သက်သည့်လစဉ်အစီရင်ခံစာကိုနှစ်ဖက်သဘောတူ ပုံစံများဖြင့် ဖြည့်သွင်း၍ မပလ သို့ လကုန်ပြီး ၁၅ ရက်အတွင်းပေးပို့ရမည် ။

(ဈ) (၃)လပတ်နှင့်နှစ်ချုပ်အစီရင်ခံစာများကိုလည်း မပလသို့အချိန်မှန်မှန်ပေးပို့ရမည်။

၇-၂ မပလ ၏တာဝန်များ

မပလသည် အောက်ပါတို့ကိုတာဝန်ယူရမည်

(က) ဖက်စပ်လုပ်ငန်းအတွက်ကျွမ်းကျင်မှုအကူအညီလိုအပ်ပါကပညာရှင်နှင့် ကျွမ်းကျင်ဝန်ထမ်းများအား အခကြေးငွေဖြင့် ကူညီရန် ၊

(ခ) ကန်ထရိုက်တာမှ မပလ ပိုင် အဆောက်အအုံများ ၊ လုပ်ငန်းသုံး ပစ္စည်းများကို အသုံးပြုရန်ကမ်းလှမ်းလာလျှင်မပလ မှငှားရမ်းနိုင်ပါကသတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်တို့၏ သဘောတူခွင့်ပြုချက်ဖြင့် အခကြေးငွေဖြင့် သီးခြား စာချုပ် ချုပ်ဆိုပြီး ငှားရမ်းရန် ၊

(ဂ) ကန်ထရိုက်တာမှငင်းအချိုးကျခွဲဝေရရှိသော ပုလဲများကိုရောင်းချပေးရန်လာရောက်အပ်နှံပါက ကူညီရောင်းချပေးရန် ။

အပိုင်း(ဂ)
မှတ်ကောင်ရှိင်းများစုဆောင်းခြင်း

၈-၁ ကန်ထရိုက်တာသည်မှတ်ကောင်ရရှိရေးအတွက် မြန်မာ့ပုလဲ လုပ်ငန်းဥပဒေ၊ နည်းဥပဒေများ နှင့် အညီမှတ်ကောင်ဖမ်းဆီးစုဆောင်းခွင့် ရှိသည် ၊

၈-၂ မပလ မှသားဖောက်မွေးမြူသော သားပေါက် မှတ်ကောင်ငယ်များ (Spats) ကို ပုလဲထုတ်လုပ်ရန် မွေးမြူလိုပါက သတ်မှတ်ဈေးနှုန်းဖြင့်ဝယ်ယူခွင့်ရှိသည် ။

၈-၃ ကန်ထရိုက်တာ သည် မိမိ အစီအစဉ်ဖြင့် မှတ်ကောင်သားဖောက်ခြင်းနှင့်မွေးမြူခြင်းကို ကန်ထရိုက်တာ၏လုပ်ပိုင်ခွင့် ဧရိယာအတွင်း၌ မြန်မာ့ပုလဲ လုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့် အညီဆောင်ရွက်ခွင့်ရှိသည် ။

အပိုင်း(၉)
စာချုပ်လက်မှတ်ရေးထိုးမှုဆုငွေ

၉-၁ ကန်ထရိုက်တာသည် စာချုပ်လက်မှတ်ရေးထိုးသည့် နေ့တွင် စာချုပ်လက်မှတ် ရေးထိုးမှုဆုငွေအဖြစ် ကျပ် ၁၀၀၀၀၀၀ိ/(ကျပ် တစ်ဆယ်သိန်း တိတိ)အား မပလ သို့ပေးသွင်းရမည်။

အပိုင်း(၁၀)
ဘဏ်အာမခံငွေ

၁၀-၁ ကန်ထရိုက်တာသည် စာချုပ် လက်မှတ်ရေးထိုး ပြီး နောက် ရက်(၃၀) အတွင်း ဘဏ်အာမခံငွေ အဖြစ် ကျပ် ၂၀၀၀၀၀ိ/ (ကျပ် နှစ်သန်း တိတိ) ကို မပလ အမည် ဖြင့် သတ်မှတ်ထားသည့် နောက်ဆက်တွဲ(ခ) ပါ ပုံစံအတိုင်း မြဝတီဘဏ်တွင်ထားရှိရမည်။ ဘဏ်အာမခံ သည် ဘဏ်တွင်ထားရှိသည့်နေ့မှ (၃) နှစ် (သို့မဟုတ်) ကန်ထရိုက်တာ

မှ ရင်းနှီး မြုပ်နှံမှု ငွေလုံးငွေရင်း ပမာဏ ကျပ် ၁၀၀၀၀၀၀၀၀ဝိ / (ကျပ်–သန်းတစ်ရာ တိတိ) ထက် မနည်း သုံး စွဲ ပြီးပါ က စာရော ကာလ အ တွင်း မပလ မှ ကန်ထရိုက်တာ သို့ ဘဏ်အာမခံ အား ပြန် လည် ထုတ် ပေးရမည် ။ ဘဏ် အာမခံ ထားရှိသော ကာလအတွင်း ဤစာချုပ်ပါ သဘောတူညီချက်များ အတိုင်း ဆောင်ရွက်ရန် ကန်ထရိုက်တာမှ ပျက်ကွက်ခဲ့လျှင် အပိုင်း(၁၇)ပါ စာချုပ်ပါ ရပ်စဲခွင့်ကို မထိခိုက်စေပဲ မပလမှ ဘဏ်အာမခံငွေ တစိတ်တစ်ဒေသ(သို့မဟုတ်) အားလုံး ကိုသိမ်းယူနိုင်သည် ။

အပိုင်း(၁၁)
ထုတ်လုပ်မှုအပေါ်ခွဲဝေခြင်း

၁၁–၁ ဤစာချုပ်အရ ထွက်ရှိသောပုလဲများ၊မှတ်ခွံများ အား အောက်ပါအတိုင်း အချိုးကျခွဲဝေ ရမည်–

	မပလ	ကန်ထရိုက်တာ
ခွဲဝေမှုအချိုး(ရာခိုင်နှုန်း)	၃၀ %	၇၀ %

၁၁–၂ အချိုးကျခွဲဝေခြင်း ကို သတ္တုတွင်း ဝန်ကြီးဌာန ၊ ဝန်ကြီး မှ ဖွဲ့ စည်းပေးသော အဖွဲ့ဖြင့် ဆောင်ရွက်ရမည်

အပိုင်း(၁၂)
ပုလဲများထိန်းသိမ်း၊ပြုပြင်၊ ရောင်းချခြင်း

၁၂–၁ ကန်ထရိုက်တာ အနေနှင့် အချိုးကျ ရရှိသောပုလဲများ ကို ထိန်းသိမ်းခြင်းလက်ဝတ်၊ ရတနာပြုလုပ်ခြင်း၊ ရောင်းချခြင်းတို့ အား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက် ခွင့် ရှိသည် ၊

၁၂–၂ သေဆုံးသွားသော ရေအောက်မှတ်ကောင်မှ သော်လည်းကောင်း၊ ခွဲစိတ်ခန်း မှတ်ကောင် မှသော်လည်းကောင်း ရရှိသည့် ပုလဲများကို ပုလဲကျွန်း တာဝန်ခံ အရာရှိသို့ စာရင်းနှင့် တကွ အမြန်ဆုံး မပျက်မကွက် အပ်နှံရမည် ၊

၁၂–၃ ပုလဲများအား မခွဲဝေမီ ရောင်းတန်းဝင်/မဝင် ခွဲခြားခြင်း ၊ အရည်အသွေး ခွဲခြားခြင်း ၊ အရောင်အသွေး ခွဲခြားခြင်း၊ အဆင့်အတန်း ခွဲခြားခြင်းတို့ အား မပလ မှ ကိုယ်စားလှယ် နှင့်ကန်ထရိုက်တာ၏ ကိုယ်စားလှယ်တို့ ရှေ့မှောက်တွင် ဆောင်ရွက်ရမည် ၊

အပိုင်း(၁၃)
အခွန်၊ အကောက်များ

၁၃–၁ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှအခါအားလျော်စွာ ပြဋ္ဌာန်းသော အခွန် အကောက်များကို ကန်ထရိုက်တာမှ ပေးဆောင် ရမည် ၊
၁၃–၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် ၏ ပြည်ပတွင် ပေးရန် ရှိသည့် အခွန်အကောက် များကို ကန်ထရိုက်တာမှ တာဝန်ယူပေးဆောင်ရမည် ၊
၁၃–၃ မပလသည် ကန်ထရိုက်တာမှ မြန်မာနိုင်ငံတွင်ပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန်နှင့်အခြားအခွန်အခများအား သတ်မှတ်ချက်များနှင့်အညီ ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ရရှိရေးကို ကူညီဆောင်ရွက်ပေးရမည် ။

အပိုင်း(၁၄)
တန်ဖိုးသင့်ခြင်း

၁၄–၁ ပုလဲများကိုတန်ဖိုးသင့်ရန်သတ္တုတွင်းဝန်ကြီးဌာနမှဖွဲ့စည်း ပေးသည့် တန်ဖိုးသင့် အဖွဲ့သို့ တင်ပြဆောင်ရွက်ရမည် ။

အပိုင်း(၁၅)
ငွေပေးချေခြင်း

၁၅–၁ စာချုပ်အရ နှစ်ဦးနှစ်ဘက် အပြန်အလှန် ပေးရန်ရှိသောငွေများကို ပေးချေရန်ကျရောက်သည့် နေ့မှ ရက်ပေါင်း(၃၀) အတွင်းပေးချေရမည် ၊
၁၅–၂ မြန်မာ့ကျောက်မျက်ရတနာပြပွဲ တွင်တင်၍ပြည်ပသို့ရောင်းချရ သော ပုလဲ များ အတွက် ရ ရှိ သော နိုင်ငံခြား ငွေမှ ကန် ထရိုက် တာ ရရှိ မည့် ငွေကို မြန်မာ့ နိုင်ငံခြား ကုန်သွယ် မှု ဘဏ် တွင် ရရှိပြီး နောက် (၃၀) ရက် အ တွင်း ကန်ထရိုက်တာ ၏ စာရင်းသို့ လွှဲပြောင်းပေးရေးအတွက် မပလ မှ ကူညီဆောင်ရွက်ပေးရမည် ။

အပိုင်း(၁၆)
အငြင်းပွားမှုဖြေရှင်းခြင်း

၁၆–၁ ဤသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက နှစ်ဦးနှစ်ဘက် ပြေလည်စွာညှိနှိုင်းဖြေရှင်းရမည် ။ထိုသို့ ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို တစ်ဖက်စီက တစ်ဦးစီ ခန့်ထားသော ခုံလူကြီး နှစ်ဦးဖြင့် ဖြေရှင်းရမည်။ ခုံလူကြီးနှစ်ဦးက ဖြေရှင်းမဆုံးဖြတ်နိုင်လျှင် ခုံလူကြီးနှစ်ဦးက ရွေးချယ်ခန့်ထားသော သမာဓိလူကြီး၏ အဆုံးအဖြတ်ကို ခံယူရမည်။ ခုံလူကြီးနှစ်ဦး(သို့မဟုတ်) သမာဓိလူကြီး၏ ဆုံးဖြတ်ချက်သည်အပြီးဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည်၊

အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သည် ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်း အက်ဥပဒေ(မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၄/၁၉၉၄) နှင့် နောက်ပိုင်း ထုတ်ပြန်သော တည်ဆဲပြင်ဆင်ချက် များ နှင့် အညီဖြစ်စေ ရ မည် ။ အနုညာတစီရင်ဆုံးဖြတ် မည့် နေရာ သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ ဖြစ်စေရမည်။ အမှုအတွက်ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည် ။

အပိုင်း(၁၇)
စာချုပ်ရပ်စဲခြင်း

၁၇–၁ ဤစာချုပ်ကို အောက်ပါ အချက် များ အနက် တစ်ခုခု ဖြစ်ပေါ်လာပါ က စာချုပ်ဝင် တစ်ဖက်မှ အခြားတစ်ဖက်သို့ ရက်ပေါင်း ၃၀ ကြိုတင် အကြောင်းကြားပြီး စာချုပ်ကို ရပ်စဲနိုင်သည် ။

(က) စာချုပ်ပါလုပ်ငန်းကိုဆောင်ရွက်ရာ၌ အဆက်မပြတ်ဆုံးရှုံးမှုများပေါ်ပေါက်နေခြင်း၊

(ခ) စာချုပ်ဝင်တစ်ဖက်ဖက်မှ စာချုပ်ပါ စည်းကမ်းချက်များ ဖောက်ဖျက်ခြင်း ၊

(ဂ) မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုသည် တစ်နှစ်ထက်ကျော်လွန်၍ ဖြစ်ပွားနေခြင်း ၊

(ဃ) စာချုပ်ပါစည်းကမ်းအရ သက်တမ်းကုန်ဆုံးခြင်း ။

၁၇–၂ ကန်ထရိုက်တာမှ စာချုပ်ပါ စည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်၍ အထက်အပိုဒ် ၁၇–၁(ခ) အရ စာချုပ်ကို ဖျက်သိမ်းပါက ကန်ထရိုက်တာ၏ လုပ်ပိုင်ခွင့် အားလုံးကို ရပ်ဆိုင်းပြီး လုပ်ငန်းသုံးပစ္စည်းအားလုံး၊ လက်ကျန်မှတ်ကောင်များအားလုံး နှင့် ဘဏ်အာမခံငွေနှင့်ပစ္စည်းများကိုသိမ်းယူနိုင်သည် ။ လိုအပ်ပါက မပလ ဥပဒေအရ ထိရောက်စွာအရေးယူခြင်းခံရမည် ၊

၁၇–၃ စာချုပ်ရပ်စဲခြင်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူခွင့်ပြုချက်ဖြင့် သာဆောင်ရွက်ရမည် ။

အပိုင်း(၁၈)
အလုပ်ခန့်ထားခြင်း

၁၈–၁ ဖက်စပ်လုပ်ငန်းတွင် ပြင်ပမှ ဝင်ဆံသွင်းမွေးမြူသည့်ပညာရှင်များ၊ ရေငုပ်များ ခန့်ထားပါက မပလ မှ အသိအမှတ်ပြုပြီး မှတ်ပုံတင်ထားသူများသာ ခန့် ထားရမည် ။ အလုပ်ခန့်ထားရာတွင်ဒေသခံမြန်မာနိုင်ငံသားများကို ဦးစားပေး၍ ခန့်ထားရမည် ၊

၁၈–၂ ဖက်စပ်လုပ်ငန်းတွင် ခန့်ထားမည့် ပုဂ္ဂိုလ်အားလုံး၏ နိုင်ငံရေးနှင့် ပြစ်မှု ကင်းရှင်းခြင်း အကျင့်စာရိတ္တကောင်းမွန်ခြင်းစသည့်လုပ်ငန်းခွင်လုံခြုံရေးဆိုင်ရာများကို ကန်ထရိုက်တာမှသက်ဆိုင်ရာ မြို့နယ်အဖွဲ့အစည်းများ၏ထောက်ခံချက် ရယူထားပြီး တာဝန်ခံ ရမည် ၊

၁၈–၃ ကန်ထရိုက်တာသည်အလုပ်သမားများ၏ဘေးအန္တရာယ်ကင်းရှင်းရေး၊နေထိုင်စားသောက်ရေး ၊ဆေးဝါးကုသရေး စသည့် လူမှုရေးကိစ္စများ၊ သက်သာချောင်ချိရေး ကိစ္စများကို စီစဉ်ဆောင်ရွက်ပေးရမည် ၊

၂။ သို့ဖြစ်ပါ၍၊ ၂၀ နှစ်ကြီး ၄၁ နှစ်အနေဖြင့် ကော့သောင်းမြို့နယ် "ရွှေကျွန်း" နှင့်ဘုတ်ပြင်းမြို့နယ် "ဖောင်ငယ်ဘ်ကျွန်း" "မန်ကျီးပင်ဆောင်ကျွန်း" တို့၌ လောလော ဆယ်တွင်တိုက်ငါးနှုန်း ပုဝ်ဝင်းများ ဆောင်ရွက်ရန်မရှိပါကြောင်း အကြောင်းပြန် ကြားအပ်ပါသည်။

ဒုတိယဝန်ကြီး (ကိုယ်စား)

(ဗိုလ်မှူး ဝင်းမြင့် - ရုံးအဖွဲ့မှူး)

မြန်မာနိုင်ငံပိုင်ငါး နှင့် မြစ်နံ့ကုမ္ပဏီ

သယ္ယာတွင်း ဝန်ကြီး ဌာန

မိတ္တူကို -

- ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့ငါးလုပ်ငန်း အာဏာပိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁/၂၀၀(ည)/၅၀၀၀/၁၃၉၉

ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်

အကြောင်းအရာ။ တနင်္သာရီတိုင်း၊ မြိတ်ကျွန်းစု၊ ဘုတ်ပြင်းမြို့နယ်၊ ဇင်ယော်ကျွန်းနှင့် တော့သောင်းမြို့နယ်၊ ရွှေကျွန်းတို့တွင် ပုလဲမွေးမြူထုတ်လုပ်ရန်အတွက်၊ နိုင်ငံသားပိုင် Orient Pearl Co အားလည်းကောင်း၊ ဘုတ်ပြင်းမြို့နယ် Sir E. Woen Island (မန်ကျည်းပင်ဆောင်ကျွန်း)တွင် ပုလဲမွေးမြူထုတ်လုပ်ရန်အတွက်၊ ပြည်တွင်း နိုင်ငံသားပိုင် Nino Pearl Co, Ltd. အားလည်းကောင်း၊ ရင်းနှီးမြှုပ်နှံခွင့်ပြုရန်ကိစ္စ

ရည်ညွှန်းချက်။ သယ္တုတွင်းဝန်ကြီးဌာန၏ (၂၂-၉-၉၉) ရက်စွဲပါစာအမှတ်၊ ၂၆-အဖွဲ့ခွဲ(၂)(၉၉) ပုလဲ။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်တွင်း နိုင်ငံသားပိုင်ကုမ္ပဏီအဖွဲ့အစည်းများမှ တနင်္သာရီတိုင်း၊ မြိတ်ကျွန်းစု၊ ဘုတ်ပြင်းမြို့နယ် ဇင်ယော်ကျွန်းနှင့် တော့သောင်းမြို့နယ်၊ ရွှေကျွန်းတို့တွင် ပုလဲမွေးမြူထုတ်လုပ်ရန်အတွက်၊ ရင်းနှီးမြှုပ်နှံခွင့်ပြုပါရန်ကိစ္စအပေါ်၊ ဖော်ပြပါမြေပုံပေါ်ရှိ ဧရိယာနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ရန်လုပ်ငန်းများရှိမရှိနှင့် ကန့်ကွက်ရန်ရှိ/မရှိ စိစစ်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် မေတ္တာရပ်ခံလာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ ရည်ညွှန်းပါစာဖြင့် ပူးတွဲဖော်ပြပါမြေပုံပေါ်ရှိ ဧရိယာအတွင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းများမရှိပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ဒုတိယဝန်ကြီး (ကိုယ်စား)
(ညွှန်ကြားရေးမှူး)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

ဦးအဖွဲ့မှူး၊
သတ္တုတွင်းဝန်ကြီးဌာန၊

မိတ္တူကို-
(၁) ဦးအဖွဲ့မှူး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
(၂) ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၆၆-ဝ၁/ခွဲ(၁) [illegible]
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ [illegible]လ ၂၀ ရက်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည်ညွှန်းချက်။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် နေ့စွဲပါစာအမှတ် ရက-၁/မ-၄၀၂၊ ၄၀၃၊ ၄၂၁/၉၉(၅၁၁၀)

(၂) သတ္တုတွင်းဝန်ကြီးဌာန၏ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် နေ့စွဲပါစာအမှတ်၊ ၂၆-ပသ/ခွဲ(၂)(၉၉)(ပုလဲ)

၁။ အရှေ့တိုင်းပုလဲကုမ္ပဏီလီမိတက် (Orient Pearl Co., Ltd.) မှ တနင်္သာရီ၊ ကော့သောင်းမြို့နယ်၊ ရွှေကျွန်းနှင့်ဘုတ်ပြင်းမြို့နယ်ဖာင်ဃော်ကျွန်းတို့တွင်သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့်ထုတ်လုပ်မှုအပေါ်အချိုးကျခွဲဝေခံစားသည့်စနစ်ဖြင့်ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်နှင့်နီနိုပုလဲမွေးမြူရေးကုမ္ပဏီလီမိတက် (Niino Pearl Culturing Co, Ltd.) မှတနင်္သာရီတိုင်းဘုတ်ပြင်းမြို့နယ်အတွင်းရှိ Sir E-Owen Island (မန်ကျီးပင်တောင်ကျွန်း) တွင်ပုလဲမွေးမြူထုတ်လုပ်ခြင်း ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားချက်များအပေါ် ပုလဲမွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်နေရာသည်ယင်းဒေသတွင်အကောင်အထည်ဖော်ရန်ရှိသည့်အခြားလုပ်ငန်းများနှင့်ကင်းလွတ်မှုရှိ-မရှိစိစစ်၍သဘောထား မှတ်ချက်ပြန်ကြားပေးပါရန်၊ အထက်ရည်ညွှန်းစာ(၁)နှင့်(၂)တို့ဖြင့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့်သတ္တုတွင်းဝန်ကြီးဌာနတို့မှညှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ [illegible]

ဒုတိယဝန်ကြီး (ကိုယ်စား)

(ဗိုလ်မှူး ဝင်း မြင့် - ရုံး အဖွဲ့မှူး)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

သတ္တုတွင်းဝန်ကြီးဌာန

မိတ္တူကို -

- ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01- 282101

တယ်လီဖုန်း [illegible]

စာအမှတ်၊ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊

အကြောင်းအရာ။ ။ အရှေ့တိုင်း (ရက်စွဲ) ပိုလီကုမ္ပဏီလီမိတက်နှင့် နီနီပုလဲမွေးမြူရေးကုမ္ပဏီလီမိတက်တို့မှ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း နှင့် ထုတ်လုပ်မှုအပေါ် အချိုးကျခွဲဝေခံစားသည့်စနစ်ဖြင့် တနင်္သာရီတိုင်းအတွင်း ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

ရည်ညွှန်းချက်။ ။ ဤကော်မရှင်၏ ၁၄-၉-၉၉ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၄၀၂၊ ၄၀၃၊ ၄၂၁/၉၉ (၅၁၁၀)

၁။ အရှေ့တိုင်း ပုလဲကုမ္ပဏီလီမိတက်နှင့် နီနီပုလဲမွေးမြူရေးကုမ္ပဏီလီမိတက်တို့မှ တနင်္သာရီတိုင်းအတွင်း ပုလဲမွေးမြူထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စအပေါ် (၂-၉-၉၉) နေ့တွင်ကျင်းပပြုလုပ်သည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၃၂/၉၉) ကြိမ်မြောက်အစည်းအဝေး လမ်းညွှန်ချက်နှင့်အညီသက်ဆိုင်ရာဝန်ကြီးဌာနများမှ စိစစ်မှုသဘောထားမှတ်ချက်များပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့်အကြောင်းကြားခဲ့ပါသည်။

၂။ သို့ရာတွင်ယနေ့အထိသဘောထားမှတ်ချက်ပြန်ကြားလာခြင်းမရှိသေးပါသဖြင့် <u>ဆောလျင်စွာ</u>ပြန်ကြားပေးပါရန်ထပ်မံမေတ္တာရပ်ခံအပ်ပါသည်။

တွဲဖက်အတွင်းရေးမှူး (ကိုယ်စား)

(စိုးစိုးဝင်း၊ ညွှန်ကြားရေးမှူး)

<u>သစ်တောရေးရာဝန်ကြီးဌာန။</u>

မိတ္တူကို -

- သမဝါယမဝန်ကြီးဌာန။

*မွေး * ဂ-၁၁-၉၉။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Fax: 095-01- 282101

တယ်လီဖုန်း [illegible] ၂၁/၉၉

၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်။

စာအမှတ်၊

အကြောင်းအရာ။ ။ အရှေ့တိုင်း ပုလဲကုမ္ပဏီလီမိတက်နှင့်နီနီပုလဲ မွေးမြူရေးကုမ္ပဏီလီမိတက်တို့မှမြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့်ထုတ်လုပ်မှုအပေါ် အချိုးကျခွဲဝေခံစားသည့်စနစ်ဖြင့်တနင်္သာရီတိုင်းအတွင်း ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိစ္စ။

ရည်ညွှန်းချက်။ ။ ဤကော်မရှင်၏ ၁၄-၉-၉၉ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၄၀၂၊ ၄၀၃၊ ၄၂၀/၉၉(၅၁၁၁)။

၁။ အရှေ့တိုင်း ပုလဲကုမ္ပဏီလီမိတက်မှတနင်္သာရီတိုင်း အတွင်း ပုလဲ မွေး မြူထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိစ္စကို (၂-၉-၉၉) နေ့တွင်ကျင်းပပြုလုပ်သည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၃၂/၉၉) ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ရာအစိုးရအဖွဲ့မှလမ်းညွှန်ချက်နှင့်အညီစာချုပ်တွင်ဖြည့်စွက်ပြီး ဤကော်မရှင်သို့တင်ပြပေးပါရန်သတ္တုတွင်း ဝန်ကြီး ဌာနသို့ရည်ညွှန်းချက်ပါစာဖြင့်အကြောင်းကြားခဲ့ပါသည်။

၂။ သို့ရာတွင်ယနေ့အထိပြန်ကြားလာခြင်း မရှိသေးပါသဖြင့် ဆောလျင်စွာ ပြန်ကြားပေးပါရန်ထပ်မံမေတ္တာရပ်ခံအပ်ပါသည်။

တွဲဖက်အတွင်းရေးမှူး (ကိုယ်စား)
(ဒီဒီဝင်း၊ ညွှန်ကြားရေးမှူး)

သတ္တုတွင်း ဝန်ကြီး ဌာန။

မိတ္တူကို -
- ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း။

မဝ*ဂ၁၁၉၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁/၂၀၀(ည)/၁၀၀၀/၅၂၇၄
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်း**

ရည်ညွှန်းချက်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ (၁၄-၉-၉၉) ရက်စွဲပါစာအမှတ်၊ ၁/မ-၄၀၂၊ ၄၀၃၊ ၄၂၀/၉၉(၅၁၁၀)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့်၊ အရှေ့တိုင်းပုလဲကုမ္ပဏီလီမိတက်၊ နီနိုပုလဲမွေးမြူရေးကုမ္ပဏီလီမိတက်တို့မှ ဖက်စပ်ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်မည့်နေရာ၊ ဒေသများသည်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စီမံကိန်းများ ဆောင်ရွက်ရန်လျာထားသတ်မှတ်ထားသည့်နေရာများနှင့်ကင်းလွတ်မှုရှိ၊ မရှိစိစစ်ပြန်ကြားပေးရန်၊ ရည်ညွှန်းပါစာဖြင့် မေးမြန်းခဲ့ပါသည်။

၂။ ပုလဲမွေးမြူထုတ်လုပ်မည့်နေရာ၊ ဒေသများသည်၊ မြန်မာ့ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်သည့်နေရာ၊ ဒေသများနှင့်ကင်းလွတ်မှုရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ဒုတိယဝန်ကြီး (ကိုယ်စား)
(အေးအေးမြိုင်၊ ညွှန်ကြားရေးမှူး)

ညွှန်ကြားရေးမှူးချုပ်၊
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

မိတ္တူကို-
(၁) ရုံးအဖွဲ့မှူး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
(၂) ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
(၃) ရုံးလက်ခံစာတွဲ
(၄) မျှောစာတွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန

စာအမှတ်၊ ၀၀၁ / ၂ (ကလ) /ထ -၂
ရက်စွဲ၊၁၉၉၉ခုနှစ်၊အောက်တိုဘာလ ၇ ရက်

အကြောင်းအရာ။ သဘောထားမှတ်ချက်ပြန်ကြားပေးရန်ကိစ္စ

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၄-၉-၉၉ နေ့စွဲပါ စာအမှတ် ရက-၁ / မ-၄၀၂၊ ၄၀၃ ၊ ၄၂၁ / ၉၉ (၅၁၁၀)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အရှေ့တိုင်းပုလဲကုမ္ပဏီလီမီတက် (Orient Pearl Co.Ltd)၊ နီနိုပုလဲမွေးမြူရေးကုမ္ပဏီလီမီတက် (Niino Pearl Culturing Co.Ltd) တို့သည် ထုတ်လုပ်မှုအပေါ် အချိုးကျ ခွဲဝေခံစားသည့် စံနစ်ဖြင့် ပုလဲမွေးမြူ ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသဖြင့်၊ အစိုးရအဖွဲ့ ဆုံးဖြတ်ချက်နှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ စိစစ်၍ သဘောထား မှတ်ချက်များ ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ မြန်မာ့ ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အထက်ဖော်ပြပါပြည်တွင်းနိုင်ငံသားပိုင်ကုမ္ပဏီများနှင့် ပူးတွဲဆောင်ရွက်မည့် ယခုလက်ရှိ သတ်မှတ်ပေးထားသော ပုလဲမွေးမြူ ထုတ်လုပ်ရေး ဧရိယာများသည် လက်ရှိ ရေနံနှင့်သဘာဝဓါတ်ငွေ့ရှာဖွေရေး လုပ်ကွက်များ၏ အရှေ့ဘက်တွင် ကျရောက်ပြီး၊ လွတ်ကင်းသဖြင့် ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားအပ်ပါသည်။

၃။ မြန်မာ့ ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ယခု ခွင့်ပြုထားသော ဧရိယာများကိုနောင်တိုးချဲ့ပြင်ဆင်မည် ဆိုပါက၊ ယင်းအချိန်အခါတွင် ဤဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းရန် မေတ္တာရပ်ခံအပ်ပါသည်။

ဝန်ကြီး(ကိုယ်စား)
(တင်ထွန်း၊ ဒုတိယဝန်ကြီး)

အတွင်းရေးမှူး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မိတ္တူကို
- လက်ခံ

PPS65:\Pearl (5099)

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

နှင့်

အရှေ့တိုင်းပုလဲကုမ္ပဏီလီမိတက်

တို့၏

ပုလဲမွေးမြူထုတ်လုပ်မှုအပေါ်

ခွဲဝေခံစားသည့်စာချုပ်

(ဇင်ယော်ကျွန်း)

၁၉၉၉ ခုနှစ် ၊ လ၊ ရန်ကုန်

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် အရှေ့တိုင်းပုလဲကုမ္ပဏီလီမိတက်တို့ ပုလဲမွေးမြူထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်သဘောတူစာချုပ်

ဤသဘောတူစာချုပ်ကို ၁၉၉၉ခုနှစ် ၊ လ ရက်နေ့တွင်ရန်ကုန်မြို့၌ ဗိုလ်မှူးကြီးမောင်တိုး၊ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ အမှတ်(၉၀) ၊ကန်ဘဲ့လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ (နောင်တွင် 'မပလ'ဟုခေါ်ဆိုမည်ဖြစ်ပြီး၊ ယင်းစကားရပ်တွင် ၎င်းအား ဆက်ခံသူများ နှင့် ဥပဒေအရ လွှဲအပ် ခံရသူများ ပါဝင် သည်။) က တစ်ဖက် နှင့် ဦးမြင့်လွင် မန်နေဂျင်းဒါရိုက်တာ၊ အရှေ့တိုင်းပုလဲ ကုမ္ပဏီ လီမိတက်၊ အခန်း(၄) အေ၅ ထပ် အမှတ်(၂၁၆ /၂၂၂)၊ ဗိုလ်မြတ်ထွန်းအိမ်ရာ ၊မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ (နောင်တွင် 'ကန်ထရိုက်တာ' ဟုခေါ်ဆိုမည်ဖြစ်ပြီး၊ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများ၊ တရားဝင် ကိုယ်စားလှယ်များနှင့် ဥပဒေအရ လွှဲအပ်ခံရသူများ ပါဝင်သည်။)ကအခြားတစ်ဖက်တို့သည် အောက်ပါ စည်းကမ်းချက်များနှင့်အညီ၊နှစ်ဖက် သဘောတူ စာချုပ်၊ ချုပ်ဆိုကြပါသည်။

အပိုင်း(၁)
ရည်ရွယ်ချက်

၁–၁ အောက်ပါအတိုင်းရည်ရွယ်ချက်ထားရှိပါသည်

(က) မပလ နှင့်ပြည်တွင်း ပုဂ္ဂလိက ကုမ္ပဏီများ ဖက်စပ်ပုလဲ ထုတ်လုပ်ခြင်း လုပ်ငန်းအား ပိုမို တိုးချဲ့ဆောင်ရွက်ရန် ၊

(ခ) မြန်မာနိုင်ငံတွင် ပုလဲထုတ်လုပ်ရေး လုပ်ငန်း အရှိန်အဟုန်ဖြင့် တိုးချဲ့ ဆောင်ရွက်လာသည်နှင့်အမျှ ပုလဲမွေးမြူရေးပညာရှင်များ နိုင်ငံတော်အတွက်ပြန်လည် အလုပ်အကျွေး ပြုနိုင် ရန် တိုင်းတစ်ပါး သို့ သွားရောက် အလုပ် အကျွေး ပြုခြင်းကို ထိန်းချုပ် ကာကွယ်ရန် နှင့်အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာသည့် အလျောက် မှတ်ကောင်များ၊မှတ်ခွံများ မှောင်ခိုရောင်းဝယ်မှု တိမ်ကော ပပျောက်သွားစေရန်။

အပိုင်း(၂)
ကိုယ်စားပြုခြင်းနှင့်အာမခံချက်

၂–၁ ဤသဘောတူ စာချုပ် ချုပ်ဆိုကြသော အဖွဲ့အစည်း/ပုဂ္ဂိုလ်တို့သည် ထိုသို့ သဘောတူ စာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဥပဒေ အရလုပ်ပိုင်ခွင့် အခွင့်အာဏာ နှင့် စီးပွားရေး အရ ခိုင်မာ တောင့်တင်းခြင်းရှိ ကြသော အဖွဲ့အစည်း /ပုဂ္ဂိုလ်များ ဖြစ်ကြောင်း ကို အသီးသီး အာမခံကြသည်။

အပိုင်း(၃)

အဓိပ္ပာယ်ဖွင့်ဆိုချက်

၃–၁ မုတ်ကောင်ရိုင်း (Virgin Oyster)	တစ်ကြိမ်တစ်ခါမျှ ဝတ်ဆံသွင်းမွေးမြူခြင်းမရှိသေးသည့် မုတ်ကောင်ကိုဆိုသည် ။
၃–၂ ဝတ်ဆံသွင်းမုတ်ကောင် (Operated Oyster)	ဝတ်ဆံသွင်း၍ပုလဲမွေးမြူထားသောမုတ်ကောင်ကိုဆိုသည်။
၃–၃ ပုလဲပိုက်မုတ်ကောင် (Effective Oyster)	ဝတ်ဆံသွင်းမုတ်ကောင်များကို ပြန်လည်စစ်ဆေးရာတွင် ပုလဲဖြစ်ထွန်း လျက်ရှိသောမုတ်ကောင်ကိုဆိုသည်။
၃–၄ ဒုတိယအနားပေးမုတ်ကောင် (2nd Recreating Oyster)	ပုလဲဖော်ပြီး၍ဖြစ်စေ၊ ဝတ်ဆံသွင်းမုတ်ကောင်များအား ပြန်လည်စစ်ဆေးရာတွင် ပုလဲပိုက် မအောင်မြင်၍ဖြစ်စေ ပြန်လည်မွေးမြူထားသော မုတ်ကောင်ကိုဆိုသည်။
၃–၅ မုတ်ခွံ (M.O. P Shell)	ခွဲသတ်၍ဖြစ်စေ ၊ရေအောက်တွင်သေ၍ဖြစ်စေ ရရှိသော မုတ်ကောင်၏အခွံကိုဆိုသည်။
၃–၆ ပုလဲ (Pearl)	ပုလဲဆိုသည်မှာ မုတ်ကောင်အမျိုးမျိုးမှဖြစ်ထွန်း ရရှိသည့် သဘာဝပုလဲ(သို့မဟုတ်)မွေးပုလဲကိုဆိုသည်။ယင်း စကား ရပ်တွင် ခွံဖုံးပုလဲနှင့် မွေးမြူရေး မှ ရရှိသည့် ခွံကပ် ပုလဲ လည်းပါဝင်သည်။
၃–၇ တိမ်ဖုံးပုလဲ (Blemished Pearl)	တိမ်ဖုံးခြင်း၊ အရောင်မှိန် ခြင်း၊ မျက်နှာပြင်တွင် အပြစ် အနာများပါ သော ပုလဲကို ဆိုသည်။
၃–၈ သားပေါက်မုတ်ကောင်ငယ်များ (Spats)	၄ လက်မ မပြည့်မီသောမုတ်ကောင်ငယ်များကိုဆိုသည်။
၃–၉ ဘဏ္ဍာရေးနှစ် (Financial year)	ဘဏ္ဍာရေးနှစ်ဆိုသည်မှာ ဧပြီလ(၁)ရက်နေ့မှ ၍လာမည့် ပြက္ခဒိန်နှစ် မတ်လ(၃၁)ရက်နေ့အထိ (၁၂)လတာ ကာလ ကိုဆိုသည်။
၃–၁၀ မိုမီ (Momme)	မိုမီ ဆိုသည်မှာ ပုလဲများကိုချိန်တွယ်သည့်အလေးချိန် အတိုင်း အတာတစ်ခုဖြစ်သည်။တစ်မိုမီလျှင် ၁၈.၇၅ ကာရက် (သို့မဟုတ်) ၃.၇၅ ဂရမ်နှင့် ညီမျှသည် ။

အပိုင်း(၄)

လုပ်ပိုင်ခွင့်ရှိသောလုပ်ကွက်

၄–၁ ဤသဘောတူစာချုပ်အရ လုပ်ပိုင်ခွင့်ရှိသောလုပ်ကွက်သည် တနင်္သာရီတိုင်း ဘုတ်ပြင်း မြို့နယ် တွင် ရှိပြီး ၊ နောက်ဆက်တွဲ (က) ပါ ရေပုံတွင် ဖော်ပြထား သည့် အတိုင်းဖြစ်သည်။ ရေပုံတွင်ဖော်ပြထားသည့် ဇင်ယော်ကျွန်းပေါ်ရှိ မြေဧရိယာသည် လုပ်ငန်းဆောင်ရွက်ရန်အတွက် အဆောက်အဦးဆောက်လုပ်ရန် ခွင့်ပြုသည့် ဧရိယာဖြစ်သည်။ ဇင်ယော်ကျွန်းပတ်ဝန်းကျင်ရှိ

ရေပုံတွင်ဖော်ပြထားသည့်ဧရိယာမှာပုလဲမွေးမြူရေးအတွက်မုတ်ကောင်များချထားရန် ခွင့်ပြုသည့်ဧရိယာဖြစ်သည်။ ၎င်းတွင်ပါဝင်သည့် အခြားကျွန်းမြေဧရိယာများသည် ပါဝင်ပတ်သက်စေခြင်းမရှိစေရ ။

၄–၂ အကယ်၍အထက်ပါလုပ်ပိုင်ခွင့်ရှိသောလုပ်ကွက်ကိုနိုင်ငံတော်အစိုးရစီမံကိန်းတစ်ခုခုအလို့ငှာအသုံးပြုရန်လိုအပ်ခဲ့လျှင်အခြားလုပ်ပိုင်ခွင့်ရှိသောလုပ်ကွက်တစ်ခုခုကိုအစိုးရကကန်ထရိုက်တာသို့အစားထိုးပေးအပ်မည်ဖြစ်ကြောင်းစာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့ကအသိအမှတ်ပြုပါသည်။ထိုအခါကန်ထရိုက်တာဖြစ်သူကမိမိလက်ဝယ်ရယူထားသောလုပ်ကွက်ကိုအစိုးရကပြန်လည်လက်ဝယ်ရယူနိုင်ရန်ပြောင်းရွှေ့ပေးရမည်ဖြစ်ပြီးမိမိအားအစားထိုးပေး အပ်သောလုပ်ကွက်ကိုပြောင်းလဲလက်ဝယ်ရယူမည်ဖြစ်ပါသည်။

အပိုင်း(၅)
လုပ်ငန်းအစီအစဉ်

၅–၁ လုပ်ငန်းအစီအစဉ်
ကန်ထရိုက်တာသည် ပုလဲမွေးမြူထုတ်လုပ်မည့် လုပ်ငန်းအစီအစဉ်ကို ရေးဆွဲပြီး စာချုပ်အတည်ဖြစ်သည့်နေ့မှစ၍တစ်လအတွင်းမပလ သို့တင်ပြရမည်။မပလ ကအတည် ပြုပြီးသော လုပ်ငန်းအစီစဉ်သည် ဤစာချုပ် ၏တစ်စိတ်တစ်ဒေသဖြစ်သည်။

၅–၂ ရင်းနှီးမြှုပ်နှံမှုပမာဏ
ကန်ထရိုက်တာသည် ဖော်ပြပါ လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း ပမာဏအဖြစ် အနည်းဆုံး ကျပ်သန်း(၁၀၀)ကိုကျခံသုံးစွဲရမည်။ ယင်းငွေလုံးငွေရင်းတစ်ရပ်လုံးကို ကန်ထရိုက်တာမှကျခံရမည်။

အပိုင်း(၆)
စာချုပ်သက်တမ်းကာလ

၆–၁ ဤစာချုပ်အရ စာချုပ် သက်တမ်းကာလသည် စာချုပ် လက်မှတ်ရေးထိုးသည့် နေ့မှစ၍ (၁၅)နှစ်ဖြစ်ပါသည်။ယင်းတွင် ၁၅ နှစ်မြောက်တွင်ဝတ်ဆံသွင်းသည့်မုတ်ကောင်များအားပုလဲဖော်ယူရန် စောင့်ဆိုင်းသည့်ကာလ(၃)နှစ်မပါဝင်ပါ ။

၆–၂ ကန်ထရိုက်တာမှ စာချုပ်သက်တမ်းကာလ တိုးလိုပါက(၁၅)နှစ် ပြည့်ရန် (၆)လ အလို၌ မပလ သို့စာဖြင့် လျှောက်ထားနိုင်သည်။ လုပ်ငန်း ကာလ တိုးမြှင့် သတ်မှတ် ခြင်း မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။

၆–၃ စာချုပ်သက်တမ်း(၁၅)နှစ်ပြည့်သည့်နေ့တွင်ကန်ထရိုက်တာမှသက်တမ်းတိုး ဆက်လက်လုပ်ကိုင်လိုခြင်း မရှိခဲ့ပါက (သို့မဟုတ်) လုပ်ကိုင်ခွင့် မရရှိပါက ၁၅ နှစ်ပြည့်သည့်နေ့နောက်ပိုင်း ရှိ အောက်ဖော်ပြပါတို့ အား မပလ သို့လွှဲပြောင်းပေးရမည်။
(က)ဝတ်ဆံမသွင်းရသေးသည့် မုတ်ကောင်များ
(ခ) ပြန်လည်စစ်ဆေးခြင်းမှ ပုလဲမပိုက်သည့် မုတ်ကောင်များ
(ဂ) ပုလဲဖော်ပြီးမုတ်ကောင် များ
(ဃ) မုတ်ခွံများ

၆–၄ စာချုပ်သက်တမ်းကာလ(၁၅)နှစ်ပြည့်ပြီးသည့်နေ့တွင်သက်တမ်းတိုး ဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက (သို့မဟုတ်) သက်တမ်း တိုးလုပ်ကိုင်ခွင့် မရရှိပါက နောက်ထပ် ၃)နှစ်

အထိ ကန်ထရိုက်တာ သည် ဝတ်ဆံသွင်းပြီး မုတ်ကောင်များအား ပြုစုစောင့်ရှောက်ခြင်း ပြန်လည် စစ်ဆေး ခြင်းနှင့်ပုလဲဖော်ခြင်းလုပ်ငန်းများ အား ဆက်လက် ဆောင်ရွက် ခွင့်ရှိသည်။အဆိုပါ ဖော်ထုတ်ရရှိသောပုလဲများအား မပလ နှင့် ကန်ထရိုက်တာ ကုမ္ပဏီတို့သည် စာချုပ်အပိုဒ် ၁၁–၁ ပါ အတိုင်း အချိုးကျခွဲဝေရမည် ။သို့ရာတွင် ကန်ထရိုက်တာသည် မုတ်ကောင် ထပ်မံ ဖမ်းဆီးခြင်း၊ဝတ်ဆံသွင်းခြင်း လုပ်ငန်းများကိုလုပ် ကိုင်ခြင်း မပြုရ ။

အပိုင်း(၇)
အထွေထွေတာဝန်များ

၇–၁ ကန်ထရိုက်တာ၏တာဝန်များ

ကန်ထရိုက်တာသည် အောက်ပါတို့ကိုတာဝန်ယူရမည်

(က) ဤစာချုပ် အရ လုပ်ကိုင်ခွင့် ပြုထားသော ဧရိယာ အတွင်း တွင်သာ ပုလဲ မွေးမြူလုပ်ကိုင် ရမည်။သတ်မှတ်ခွင့်ပြုထားသော လုပ်ကွက်အပြင်ဘက်တွင် ပုလဲမွေးမြူခြင်းကို လုံးဝမပြုလုပ်ရ ၊

(ခ) မပလမှ အတည်ပြု ထားသည့် လုပ်ငန်းအစီအစဉ်များ အတိုင်းသာ ဆောင်ရွက်ရန်နှင့်ရွှေအပါအဝင် မည်သည့်သတ္တုမျိုးမှတူးဖော်ခြင်းမပြုရ ၊ထုတ်လုပ်မှု လျာထားချက်များ ပြည့်မီကျော်လွန်စေရေးဆောင်ရွက်ရမည် ၊

(ဂ) ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း၊ သယ်ယူ ပို့ဆောင်ခြင်းလုပ်ငန်း ၊ သုတေသနလုပ်ငန်းတို့အတွက် လိုအပ်သောပစ္စည်းများကို တာဝန်ယူဆောင်ရွက် ဖြည့်ဆည်းရမည်။ဖက်စပ်လုပ်ငန်း တွင် အသုံးပြု သည့် ပစ္စည်း ကိရိယာ များသည် မပလမှတရားဝင်ငှားရမ်းသည့် ပစ္စည်းများမဟုတ်ပါက မပလနှင့်ပတ်သက်သော ပစ္စည်းများမဖြစ်စေရ ၊

(ဃ)လုပ်ငန်းခွင်လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် မပလ သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတို့မှ အခါအား လျော်စွာ သတ်မှတ် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များ ကို လိုက်နာဆောင်ရွက်ရမည် ၊

(င) ပုလဲမွေးမြူရာတွင်လုပ်ငန်းကျွမ်းကျင်သူများလုံလောက်စွာ ခန့်ထားပြီး မုတ်ကောင်အသေနှုန်းလျော့နည်းရေး၊ ပုလဲပိုက်အောင်မြင်မှု နှုန်းမြင့်မားရေး၊ အရည် အသွေးကောင်းပုလဲများ ထွက်ရှိရေးဆောင်ရွက်ရမည်၊

(စ) ခွဲကပ်ပုလဲ(Half Pearl) မွေးမြူလိုပါက ဖက်စပ်လုပ်ငန်းစီမံခန့်ခွဲရေး ကော်မတီသို့တင်ပြ၍ အတည်ပြုချက် ရယူဆောင်ရွက်ရမည် ၊

(ဆ) ဤစာချုပ်အရ လုပ်ငန်းများ ဆောင်ရွက်ရာ တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထုတ်ပြန်ထားသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေ၊ နည်းဥပဒေအပါအဝင် ၊ မြန်မာနိုင်ငံဥပဒေများ ၊ နည်းဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများ ၊ အမိန့်ကြော်ငြာစာများ ၊ ညွှန်ကြားချက်များနှင့် အညီဆောင်ရွက်ရမည် ။

(ဇ) ပုလဲမွေးမြူထုတ်လုပ်ရေးနှင့်ပတ်သက်သည့်လစဉ်အစီရင်ခံစာကိုနှစ်ဖက်သဘောတူပုံစံများဖြင့် ဖြည့်သွင်း၍ မပလ သို့ လကုန်ပြီး ၁၅ ရက်အတွင်းပေးပို့ရမည် ။

(ဈ) (၃)လပတ်နှင့်နှစ်ချုပ်အစီရင်ခံစာများကိုလည်း မပလသို့အချိန်မှန်မှန်ပေးပို့ရမည်။

၇–၂ မပလ ၏တာဝန်များ

မပလသည် အောက်ပါတို့ကိုတာဝန်ယူရမည်

(က) ဖက်စပ်လုပ်ငန်းအတွက်ကျွမ်းကျင်မှုအကူအညီလိုအပ်ပါကပညာရှင်နှင့် ကျွမ်းကျင်ဝန်ထမ်းများအား အခကြေးငွေဖြင့် ကူညီရန် ၊

(ခ) ကန်ထရိုက်တာမှ မပလ ပိုင် အဆောက်အအုံများ ၊ လုပ်ငန်းသုံး ပစ္စည်းများကို အသုံးပြုရန်ကမ်းလှမ်းလာလျှင်မပလ မှငှားရမ်းနိုင်ပါကသတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်တို့၏ သဘောတူခွင့်ပြုချက်ဖြင့် အခကြေးငွေဖြင့် သီးခြား စာချုပ် ချုပ်ဆိုပြီး ငှားရမ်းရန် ၊

(ဂ) ကန်ထရိုက်တာမှငှင်းအချိုးကျခွဲဝေရရှိသော ပုလဲများကိုရောင်းချပေးရန်လာရောက်အပ်နှံပါက ကူညီရောင်းချပေးရန် ။

အပိုင်း(၈)
မှတ်ကောင်ရှိင်းများစုဆောင်းခြင်း

၈–၁ ကန်ထရိုက်တာသည်မှတ်ကောင်ရရှိရေးအတွက် မြန်မာ့ပုလဲ လုပ်ငန်းဥပဒေ၊ နည်းဥပဒေများ နှင့် အညီမှတ်ကောင်ဖမ်းဆီးစုဆောင်းခွင့် ရှိသည် ၊

၈–၂ မပလ မှသားဖောက်မွေးမြူသော သားပေါက် မှတ်ကောင်ငယ်များ (Spats) ကို ပုလဲထုတ်လုပ်ရန် မွေးမြူလိုပါက သတ်မှတ်ဈေးနှုန်းဖြင့်ဝယ်ယူခွင့်ရှိသည် ။

၈–၃ ကန်ထရိုက်တာ သည် မိမိ အစီအစဉ်ဖြင့် မှတ်ကောင်သားဖောက်ခြင်းနှင့်မွေးမြူခြင်းကို ကန်ထရိုက်တာ၏လုပ်ပိုင်ခွင့် ဧရိယာအတွင်း၌ မြန်မာ့ပုလဲ လုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့် အညီဆောင်ရွက်ခွင့်ရှိသည် ။

အပိုင်း(၉)
စာချုပ်လက်မှတ်ရေးထိုးမှုဆုငွေ

၉–၁ ကန်ထရိုက်တာသည် စာချုပ်လက်မှတ်ရေးထိုးသည့် နေ့တွင် စာချုပ်လက်မှတ် ရေးထိုးမှုဆုငွေအဖြစ် ကျပ် ၁၀၀၀၀၀၀/(ကျပ် တစ်ဆယ်သိန်း တိတိ)အား မပလ သို့ပေးသွင်းရမည်။

အပိုင်း(၁၀)
ဘဏ်အာမခံငွေ

၁၀–၁ ကန်ထရိုက်တာသည် စာချုပ် လက်မှတ်ရေးထိုး ပြီး နောက် ရက်(၃၀) အတွင်း ဘဏ်အာမခံငွေ အဖြစ် ကျပ် ၂၀၀၀၀၀၀/ (ကျပ် နှစ်သန်း တိတိ) ကို မပလ အမည် ဖြင့် သတ်မှတ်ထားသည့် နောက်ဆက်တွဲ(ခ) ပါ ပုံစံအတိုင်း မြဝတီဘဏ်တွင်ထားရှိရမည်။ ဘဏ်အာမခံ သည် ဘဏ်တွင်ထားရှိသည့်နေ့မှ (၃) နှစ် (သို့မဟုတ်) ကန်ထရိုက်တာ

မှ ရင်းနှီး မြှုပ်နှံမှု ငွေလုံးငွေရင်း ပမာဏ ကျပ် ၁၀၀၀၀၀၀၀၀ဝ / (ကျပ်–သန်းတစ်ရာ တိတိ) ထက် မနည်း သုံး စွဲ ပြီးပါ က စောရာ ကာလ အ တွင်း မပလ မှ ကန်ထရိုက်တာ သို့ ဘဏ်အာမခံ အား ပြန် လည် ထုတ် ပေးရမည် ။ ဘဏ် အာမခံ ထားရှိသော ကာလအတွင်း ဤစာချုပ်ပါ သဘောတူညီချက်များ အတိုင်း ဆောင်ရွက်ရန် ကန်ထရိုက်တာမှ ပျက်ကွက်ခဲ့လျှင် အပိုင်း(၁၇)ပါ စာချုပ်ပါ ရပ်စဲခွင့်ကို မထိခိုက်စေပဲ မပလမှ ဘဏ်အာမခံငွေ တစိတ်တစ်ဒေသ(သို့မဟုတ်) အားလုံး ကိုသိမ်းယူနိုင်သည် ။

အပိုင်း(၁၁)
ထုတ်လုပ်မှုအပေါ်ခွဲဝေခြင်း

၁၁–၁ ဤစာချုပ်အရ ထွက်ရှိသောပုလဲများ၊မှတ်ခွံများ အား အောက်ပါအတိုင်း အချိုးကျခွဲဝေ ရမည်–

	မပလ	ကန်ထရိုက်တာ
ခွဲဝေမှုအချိုး(ရာခိုင်နှုန်း)	၃၀ %	၇၀ %

၁၁–၂ အချိုးကျခွဲဝေခြင်း ကို သတ္တုတွင်း ဝန်ကြီးဌာန ၊ ဝန်ကြီး မှ ဖွဲ့ စည်းပေးသော အဖွဲ့ဖြင့် ဆောင်ရွက်ရမည်

အပိုင်း(၁၂)
ပုလဲများထိန်းသိမ်း၊ပြုပြင်၊ ရောင်းချခြင်း

၁၂–၁ ကန်ထရိုက်တာ အနေနှင့် အချိုး ကျ ရရှိသောပုလဲများ ကို ထိန်းသိမ်းခြင်းလက်ဝတ်၊ ရတနာပြုလုပ်ခြင်း၊ ရောင်းချခြင်းတို့ အား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက် ခွင့် ရှိသည် ၊

၁၂–၂ သေဆုံးသွားသော ရေအောက်မှတ်ကောင်မှ သော်လည်းကောင်း၊ ခွဲစိတ်ခန်း မှတ်ကောင် မှသော်လည်းကောင်း ရရှိသည့် ပုလဲများကို ပုလဲကျွန်း တာဝန်ခံ အရာရှိသို့ စာရင်းနှင့် တကွ အမြန်ဆုံး မပျက်မကွက် အပ်နှံရမည် ၊

၁၂–၃ ပုလဲများအား မခွဲဝေမီ ရောင်းတန်းဝင်/မဝင် ခွဲခြားခြင်း ၊ အရည်အသွေး ခွဲခြားခြင်း ၊ အရောင်အသွေး ခွဲခြားခြင်း၊ အဆင့်အတန်း ခွဲခြားခြင်းတို့ အား မပလ မှ ကိုယ်စားလှယ် နှင့်ကန်ထရိုက်တာ၏ ကိုယ်စားလှယ်တို့ ရှေ့မှောက်တွင် ဆောင်ရွက်ရမည် ၊

အပိုင်း(၁၃)
အခွန်၊ အကောက်များ

၁၃–၁ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှအခါအားလျော်စွာ ပြဋ္ဌာန်းသော အခွန် အကောက်များကို ကန်ထရိုက်တာမှ ပေးဆောင် ရမည် ၊

၁၃–၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် ၏ ပြည်ပတွင် ပေးရန် ရှိသည့် အခွန်အကောက် များကို ကန်ထရိုက်တာမှ တာဝန်ယူပေးဆောင်ရမည် ၊

၁၃–၃ မပလသည် ကန်ထရိုက်တာမှ မြန်မာနိုင်ငံတွင်ပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန်နှင့်အခြားအခွန်အခများအား သတ်မှတ်ချက်များနှင့်အညီ ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်ရရှိရေးကို ကူညီဆောင်ရွက်ပေးရမည် ။

အပိုင်း(၁၄)
တန်ဖိုးသင့်ခြင်း

၁၄–၁ ပုလဲများကိုတန်ဖိုးသင့်ရန်သတ္တုတွင်းဝန်ကြီးဌာနမှဖွဲ့စည်း ပေးသည့် တန်ဖိုးသင့် အဖွဲ့သို့ တင်ပြဆောင်ရွက်ရမည် ။

အပိုင်း(၁၅)
ငွေပေးချေခြင်း

၁၅–၁ စာချုပ်အရ နှစ်ဦးနှစ်ဘက် အပြန်အလှန် ပေးရန်ရှိသောငွေများကို ပေးချေရန်ကျရောက်သည့် နေ့မှ ရက်ပေါင်း(၃၀) အတွင်းပေးချေရမည် ၊

၁၅–၂ မြန်မာ့ကျောက်မျက်ရတနာပြပွဲ တွင်တင်၍ပြည်ပသို့ရောင်းချရ သော ပုလဲ များ အတွက် ရ ရှိ သော နိုင်ငံခြား ငွေမှ ကန် ထရိုက် တာ ရရှိ မည့် ငွေကို မြန်မာ့ နိုင်ငံခြားကုန်သွယ် မှု ဘဏ် တွင် ရရှိပြီး နောက် (၃၀) ရက် အ တွင်း ကန်ထရိုက်တာ ၏ စာရင်းသို့ လွှဲပြောင်းပေးရေးအတွက် မပလ မှ ကူညီဆောင်ရွက်ပေးရမည် ။

အပိုင်း(၁၆)
အငြင်းပွားမှုဖြေရှင်းခြင်း

၁၆–၁ ဤသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက နှစ်ဦးနှစ်ဘက် ပြေလည်စွာညှိနှိုင်းဖြေရှင်းရမည် ။ထိုသို့ ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို တစ်ဖက်စီက တစ်ဦးစီ ခန့်ထားသော ခုံလူကြီး နှစ်ဦးဖြင့် ဖြေရှင်းရမည်။ ခုံလူကြီးနှစ်ဦးက ဖြေရှင်းမဆုံးဖြတ်နိုင်လျှင် ခုံလူကြီးနှစ်ဦးက ရွေးချယ်ခန့်ထားသော သမာဓိလူကြီး၏ အဆုံးအဖြတ်ကို ခံယူရမည်။ ခုံလူကြီးနှစ်ဦး(သို့မဟုတ်) သမာဓိလူကြီး၏ ဆုံးဖြတ်ချက်သည်အပြီးဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည်၊

အနုညာတစီရင်ဆုံးဖြတ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သည် ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်း အက်ဥပဒေ(မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၄/၁၉၉၄) နှင့် နောက်ပိုင်း ထုတ်ပြန်သော တည်ဆဲပြင်ဆင်ချက် များ နှင့် အညီဖြစ်စေ ရ မည် ။ အနုညာတစီရင်ဆုံးဖြတ် မည့် နေရာ သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့ ဖြစ်စေရမည်။ အမှုအတွက်ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည် ။

အပိုင်း(၁၇)
စာချုပ်ရပ်စဲခြင်း

၁၇–၁ ဤစာချုပ်ကို အောက်ပါ အချက် များ အနက် တစ်ခုခု ဖြစ်ပေါ်လာပါ က စာချုပ်ဝင် တစ်ဖက်မှ အခြားတစ်ဖက်သို့ ရက်ပေါင်း ၃၀ ကြိုတင် အကြောင်းကြားပြီး စာချုပ်ကို ရပ်စဲနိုင်သည် ။

(က) စာချုပ်ပါလုပ်ငန်းကိုဆောင်ရွက်ရာ၌ အဆက်မပြတ်ဆုံးရှုံးမှုများပေါ်ပေါက်နေခြင်း၊

(ခ) စာချုပ်ဝင်တစ်ဖက်ဖက်မှ စာချုပ်ပါ စည်းကမ်းချက်များ ဖောက်ဖျက်ခြင်း ၊

(ဂ) မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုသည် တစ်နှစ်ထက်ကျော်လွန်၍ ဖြစ်ပွားနေခြင်း ၊

(ဃ) စာချုပ်ပါစည်းကမ်းအရ သက်တမ်းကုန်ဆုံးခြင်း ။

၁၇–၂ ကန်ထရိုက်တာမှ စာချုပ်ပါ စည်းကမ်းချက်များကို ကျူးလွန်ဖောက်ဖျက်၍ အထက်အပိုဒ် ၁၇–၁(ခ) အရ စာချုပ်ကို ဖျက်သိမ်းပါက ကန်ထရိုက်တာ၏ လုပ်ပိုင်ခွင့် အားလုံးကို ရပ်ဆိုင်းပြီး လုပ်ငန်းသုံးပစ္စည်းအားလုံး၊ လက်ကျန်မှတ်ကောင်များအားလုံး နှင့် ဘဏ်အာမခံငွေနှင့်ပစ္စည်းများကိုသိမ်းယူနိုင်သည် ။ လိုအပ်ပါက မပလ ဥပဒေအရ ထိရောက် စွာအရေးယူခြင်းခံရမည် ၊

၁၇–၃ စာချုပ်ရပ်စဲခြင်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူခွင့်ပြုချက်ဖြင့် သာဆောင်ရွက်ရမည် ။

အပိုင်း(၁၈)
အလုပ်ခန့်ထားခြင်း

၁၈–၁ ဖက်စပ်လုပ်ငန်းတွင် ပြင်ပမှ ဝတ်ဆံသွင်းမွေးမြူသည့်ပညာရှင်များ၊ ရေငုပ်များ ခန့်ထား ပါက မပလ မှ အသိအမှတ်ပြုပြီး မှတ်ပုံတင်ထားသူများသာ ခန့် ထားရမည် ။ အလုပ် ခန့်ထားရာတွင်ဒေသခံမြန်မာနိုင်ငံသားများကို ဦးစားပေး၍ ခန့်ထားရမည် ၊

၁၈–၂ ဖက်စပ်လုပ်ငန်းတွင် ခန့်ထားမည့် ပုဂ္ဂိုလ်အားလုံး၏ နိုင်ငံရေးနှင့် ပြစ်မှု ကင်းရှင်းခြင်း အကျင့်စာရိတ္တကောင်းမွန်ခြင်းစသည့်လုပ်ငန်းခွင်လုံခြုံရေးဆိုင်ရာများကို ကန်ထရိုက်တာ မှသက်ဆိုင်ရာ မြို့နယ်အဖွဲ့အစည်းများ၏ထောက်ခံချက် ရယူထားပြီး တာဝန်ခံ ရမည် ၊

၁၈–၃ ကန်ထရိုက်တာသည်အလုပ်သမားများ၏ဘေးအန္တရာယ်ကင်းရှင်းရေး၊နေထိုင်စားသောက် ရေး ၊ဆေးဝါးကုသရေး စသည့် လူမှုရေးကိစ္စများ၊ သက်သာချောင်ချိရေး ကိစ္စများကို စီစဉ်ဆောင်ရွက်ပေးရမည် ၊

၁၈–၄ ကန်ထရိုက်တာမှခန့်ထားသောအလုပ်သမားနှင့်ပတ်သက်သည့် ရပိုင်ခွင့်များကို တည်ဆဲ အလုပ်သမားဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ကန်ထရိုက်တာက လိုက်နာဆောင်ရွက်ရမည် ။

၁၈–၅ ကန်ထရိုက်တာသည် နိုင်ငံခြားသား ပညာရှင်များ ခန့်ထားလိုပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက် အရသာ ဆောင်ရွက် ရမည်။

အပိုင်း(၁၉)
စီမံခန့်ခွဲခြင်း

၁၉–၁ မပလ နှင့် ကန်ထရိုက်တာတို့၏ ကိုယ်စားလှယ်များပါဝင်သော ဖက်စပ်လုပ်ငန်း စီမံခန့်ခွဲရေး ကော်မတီတစ်ခု ဖွဲ့စည်း၍ လုပ်ငန်းအစီအစဉ်များ၊ ဘဏ္ဍာရေးကိစ္စများ ၊ စီမံခန့်ခွဲမှု ကိစ္စများ အပါအဝင် စာချုပ်ပါ လုပ်ငန်း အရပ်ရပ်ကို နှစ်ဦးနှစ်ဘက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရမည် ။ ဤကော်မတီတွင် အဖွဲ့ဝင်(၅) ဦး ပါဝင်ပြီး မပလမှ(၃)ဦးနှင့် ကန်ထရိုက်တာမှ (၂)ဦး ပါဝင်စေလျက် မပလ ကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌဖြစ်စေရမည် ။ ဥက္ကဋ္ဌမှကော်မတီအတွင်းရေးမှူးအား မပလ ဝန်ထမ်းများထဲမှ ခန့်ထားရမည်။

၁၉–၂ ကော်မတီသည် ရန်ကုန်မြို့ သို့မဟုတ် နှစ်ဘက်သဘောတူညီချက်ရရှိ ထားသော အခြားသင့်လျော်သော နေရာတွင် (၃) လ တစ်ကြိမ် တွေ့ဆုံညှိနှိုင်း ဆွေးနွေးရမည် ၊လိုအပ်ပါက ဥက္ကဋ္ဌသည် အချိန်မရွေး ဤကော်မတီ အစည်းအဝေးကို ခေါ်နိုင်သည် ၊

၁၉–၃ ကော်မတီဝင်များနှင့်အတွင်းရေးမှူးအတွက်အခကြေးငွေများသို့မဟုတ်အခြားစရိတ်များကို ဖက်စပ်လုပ်ငန်းစီမံခန့်ခွဲရေးကော်မတီ၏အဆုံးအဖြတ်ဖြင့်သာသတ်မှတ်ဆောင်ရွက်ရမည်၊

၁၉–၄ ကန်ထရိုက်တာသည် နေ့စဉ်လုပ်ငန်းများ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန် အတွက် စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ထမ်းများ လုံလောက်စွာ ခန့်ထားဆောင်ရွက်ရမည် ။

အပိုင်း(၂၀)
လုပ်ငန်းကြီးကြပ်ဆောင်ရွက်ခြင်း

၂၀–၁ သတ္တုတွင်းဝန်ကြီးဌာနမှတာဝန်ပေးသောကိုယ်စားလှယ်သို့မဟုတ်မပလမှ ကိုယ်စားလှယ်သည်လိုအပ်သောအချိန်အခါတွင် ကန်ထရိုက်တာ၏လုပ်ပိုင်ခွင့်ရှိသောလုပ်ကွက် ဧရိယာအတွင်းသို့ သွားရောက်၍ လုပ်ငန်းရပ်များကို စစ်ဆေးနိုင်သည် ။ ကန်ထရိုက်တာ သည် ယင်းသို့ စေလွှတ်ခြင်းခံ ရသော ကိုယ်စားလှယ် များ ကို လိုအပ်သလို ကူညီ ပံ့ပိုး ပေးရမည်။ယင်း ကိုယ်စားလှယ် များ သည် ကန်ထရိုက်တာ ၏ ပုံမှန် ဆောင်ရွက် နေသော လုပ်ငန်းများကို ဝင်ရောက်စွက်ဖက် ခြင်းမှ ရှောင်ရှားရမည်၊

၂၀–၂ လုပ်ငန်းများကိုကြီးကြပ်ရန်မပလမှတာဝန်ပေးစေလွှတ်သည့်ကိုယ်စားလှယ်(၂)ဦးကို ပုလဲမွေးမြူရေးလုပ်ငန်းနေရာတွင် တာဝန်ချထား၍ ဆောင်ရွက်စေရမည်။

၂၀–၃ ကန်ထရိုက်တာသည်ဤစာချုပ်အပိုဒ် ၂၀–၂ အရတာဝန်ပေးသော မပလမှကိုယ်စားလှယ်

များ၏ သွားရေး လာရေး ၊နေထိုင်စားသောက်ရေး စသည့်လိုအပ်ချက်များကိုကျခံရမည်။ ထို့အပြင် ဖက်စပ်လုပ်ငန်း စီမံခန့်ခွဲရေးကော်မတီ မှ သတ်မှတ်ထားသော ခွင့်ပြုငွေ ကို ကိုယ်စားလှယ်များ အား ပေးရမည် ။

အပိုင်း (၂၁)
စာရင်းဇယားများ ထိန်းသိမ်းခြင်း

၂၁–၁ ဖက်စပ်လုပ်ငန်းသုံးပစ္စည်းများစာရင်းနှင့်ငွေကြေးများဆိုင်ရာ စာရင်းများကို ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းနှင့် အညီ စာရင်းစစ်ဆေးမှုခံနိုင်ရေးအတွက် စံနစ် တကျထား ရှိရမည်။ အဆိုပါ စာရင်းဇယားများကို မပလနှင့် ဖက်စပ်လုပ်ငန်းစီမံခန့်ခွဲရေး ကော်မတီမှအချိန်မရွေးဝင်ရောက်စစ်ဆေးနိုင်ခွင့်ရှိသည်။

၂၁–၂ မပလသည် လိုအပ်ပါက ပြင်ပမှ စာရင်းစစ်တစ်ဦးကို စစ်ဆေးရန်ခန့် ထား နိုင်သည်။ ကုန်ကျစရိတ်ကို ကန်ထရိုက်တာမှ ကျခံရမည်။

အပိုင်း (၂၂)
အထွေထွေ

၂၂–၁ ဤစာချုပ်သာလျှင် နှစ်ဦးနှစ်ဘက် အတည်ပြုထားသော သဘောတူညီချက်ဖြစ် သည်။ ဤစာချုပ်နှင့်ပတ်သက်၍ယခင်ကနှုတ်ဖြင့်သော်လည်းကောင်း၊စာဖြင့်သော်လည်းကောင်း သဘောတူညီချက်များရှိခဲ့လျှင်၎င်းသဘောတူညီချက်များ သည်ဆက်လက် ၍ အကျိုးသက်ရောက်မှုလုံးဝမရှိစေရ၊

